# မြန်မာနိုင်ငံရဲ့ အဓိက ငါးဖမ်းရေပြင်တွေက ဘယ်မှာလဲ?

ငါးစားသုံးသူ ဦးရေ (၆၀)ရာခိုင်နှုန်းအတွက် လိုအပ်နေတဲ့ ငါးတွေကို ဘယ်နေရာတွေမှာ ရှာဖွေဖမ်းဆီးနေ ကြလဲ။




## ရခိုင်ငါးဖမ်းရေပြင်



နေရာ- ရခိုင်ကမ်းရိုးတန်း(စစ်တွေ-ကျောက်ဖြူ-မောင်တော စသည်ဖြင့်)

အဓိကရေထွက်ပစ္စည်း - ငါး၊ ကင်းမွန်၊ ပုစွန်၊ ခရု။

အရေးပါမှု- ကမ်းရိုးတန်းငါးဖမ်းလုပ်ငန်းနှင့် ဒေသခံအသက်မွေးဝမ်းကျောင်းလုပ်ငန်း။



## ဧရာဝတီငါးဖမ်းရေပြင်



နေရာ- ဧရာဝတီမြစ်၊ မြစ်ချောင်းများ၊ အင်းရေဝင်ရောက်ရာဒေသ။

အဓိကရေထွက်ပစ္စည်း - ငါး၊ ပုစွန်။

အရေးပါမှု- မြစ်၊ ကမ်းရိုးတန်းငါးဖမ်းလုပ်ငန်းနှင့် ဒေသခံအသက်မွေးဝမ်း ကျောင်းလုပ်ငန်း။



- ရခိုင်ငါးဖမ်းရေပြင်
- ဧရာဝတီငါးဖမ်းရေပြင်
- မွန် ငါးဖမ်းရေပြင်
- တနင်္သာရီငါးဖမ်းရေပြင်
- ကုန်းတွင်းရေချိုငါးဖမ်းရေပြင်

## ကုန်းတွင်းရေချိုငါးဖမ်းရေပြင်



နေရာ- အင်းတော်ကြီး၊ အင်းလေး၊ ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်းမြစ်နှင့် ရေချိုအင်းအိုင်များ။

အဓိကရေထွက်ပစ္စည်း - ရေချိုငါးမျိုးစုံ။

အရေးပါမှု- ရေထွက်ကုန်ပစ္စည်းများ၊ အသက်မွေးဝမ်းကျောင်းနှင့် စားသောက်ကုန်လုပ်ငန်း။



## မွန် ငါးဖမ်းရေပြင်



နေရာ- မွန်ကမ်းရိုးတန်း (မော်လမြိုင်-သံဖြူဇရပ်-ရေး-မုဒုံ စသည်ဖြင့်)

အဓိကရေထွက်ပစ္စည်း - ငါး၊ ပုစွန်၊ ခရု၊ ကဏန်း)

အရေးပါမှု- ကမ်းရိုးတန်းငါးဖမ်းလုပ်ငန်းနှင့် ဒေသခံအသက်မွေးဝမ်းကျောင်းလုပ်ငန်း။



## တနင်္သာရီငါးဖမ်းရေပြင်



နေရာ- တနင်္သာရီကမ်းရိုးတန်း-မြိတ်-မြိတ်ကျွန်းစုများ

အဓိကရေထွက်ပစ္စည်း - ငါး၊ ပုစွန်၊ ကင်းမွန်၊ ခရု၊ ဂွေး၊ ကမာ

အရေးပါမှု- ပင်လယ်ငါးဖမ်းလုပ်ငန်းနှင့် ရေထွက်ကုန်ပစ္စည်း လုပ်ငန်း။



# မြန်မာနိုင်ငံရဲ့ အဓိကငါးဖမ်းရေပြင်တွေက ဘယ်မှာလဲ

မြန်မာနိုင်ငံမှာ ငါးနဲ့ရေထွက်ကုန်ပစ္စည်းတွေ စားသုံးနေကြတဲ့လူဦးရေဟာ (၆၀) ရာခိုင်နှုန်းရှိနေတာကြောင့် နေ့စဉ်လိုအပ်နေတဲ့ ငါးသယံဇာတတွေကို ဘယ်နေရာတွေမှာ ရှာဖွေဖမ်းဆီးနေကြပါသလဲ။

မြန်မာနိုင်ငံရဲ့ အဓိကငါးဖမ်းရေပြင်တွေကို ခွဲခြမ်းစိတ်ဖြာကြည့်မယ်ဆိုရင် ကမ်းရိုးတန်းနဲ့ ပင်လယ်ငါးဖမ်းရေပြင်၊ ကုန်းတွင်းရေချိုငါးဖမ်းရေပြင်ဆိုပြီး အပိုင်း(၂)ပိုင်းကို လေ့လာတွေ့ရှိရပါတယ်။

အဓိကအရေးပါတဲ့ ကမ်းရိုးတန်းနဲ့ ပင်လယ်ငါးဖမ်းရေပြင်ကဏ္ဍမှာတော့ -

- ရခိုင်ကမ်းရိုးတန်းဒေသ၊
- ဧရာဝတီမြစ်ဝကျွန်းပေါ်ကမ်းရိုးတန်းဒေသ၊
- မွန်ငါးဖမ်းရေပြင်ဒေသ၊
- တနင်္သာရီကမ်းရိုးတန်းဒေသဆိုပြီး ငါးဖမ်းရေပြင် (၄)ခုရှိပါတယ်။

## ရခိုင်ကမ်းရိုးတန်းဒေသ (Rakhine Coastal )

ဘင်္ဂလားပင်လယ်အော်အတွင်းမှာတည်ရှိပြီး ကမ်းနီး/ကမ်းဝေး ငါးဖမ်းရေပြင်တွေရှိပါတယ်။ ငါးဖမ်းဧရိယာကတော့ ဘင်္ဂလားဒေ့ရှ်နိုင်ငံအရှေ့တောင်ဘက် ကော့ခ်ဘဇားကနေ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ မော်တင်စွန်းအထိ ကျယ်ပြန့်ပြီး ကင်းမွန်၊ ပုစွန်၊ ငါးကင်းနဲ့ ပင်လယ်ငါးမျိုးစုံ ပေါကြွယ်ဝတဲ့ ငါးဖမ်းရေပြင်တစ်ခုပဲဖြစ်ပါတယ်။

## ဧရာဝတီမြစ်ဝကျွန်းပေါ်ကမ်းရိုးတန်းဒေသ (Ayeyarwady **Delta**)

မော်တင်စွန်းမှ စစ်တောင်းမြစ်ဝအထိ ငါးဖမ်းဧရိယာရှိပြီး ဧရာဝတီမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ်တို့မှ နုန်းတင်မြေစာတွေနဲ့ ရေချိုစီးဝင်မှု အများအပြားရှိတာကြောင့် အာဟာရဓာတ်ကြွယ်ဝတဲ့ ငါးဖမ်းရေပြင် တစ်ခုဖြစ်ပါတယ်။ ကမ်းနီး/ကမ်းဝေးငါးဖမ်းလုပ်ငန်းနဲ့အတူ ပုစွန်၊ ငါးမုတ်၊ ငါးကုန်းညှို စတဲ့ ရေထွက်ပစ္စည်းတွေ အများအပြားထွက်ရှိပါတယ်။

## မွန် ငါးဖမ်းရေပြင် (Mon Coastal)

ဘင်္ဂလားပင်လယ်အော်ကွေ့နဲ့ ကပ္ပလီပင်လယ်အစပ်မှာတည်ရှိပြီး ကမ်းရိုးတန်း မိုင် (၁၄၀)ကျော် အရှည် ရှိပါတယ်။ ရေး၊ သံဖြူဇရပ်၊ မုဒုံ၊ မော်လမြိုင်၊ ချောင်းဆုံ၊ ပေါင်မြို့နယ်တို့ရဲ့ ကမ်းနီး/ကမ်းဝေး ငါးဖမ်းရေပြင်တွေပါဝင်ပါတယ်။ သံလွင်မြစ်၊ ဂျိုင်းမြစ်နဲ့ အတ္တရံမြစ်တို့ပေါင်းဆုံပြီး ပင်လယ်ထဲကို စီးဆင်းနေတဲ့ မြစ်ဝ ဒေသဖြစ်တာကြောင့် ရေချို၊ ရေငန်ရောစပ်ကာ အာဟာရဓာတ်ကြွယ်ဝတဲ့ ရေပြင်တစ်ခုလည်း ဖြစ်ပါတယ်။ ငါး၊ ပုစွန်၊ ကဏန်း၊ ကင်းမွန်တို့အပြင် ငါးပိ၊ ငါးခြောက် စတဲ့ ရေထွက်ကုန်ပစ္စည်းတွေလည်း ထုတ်လုပ်ရောင်းချကြပါတယ်။

## တနင်္သာရီကမ်းရိုးတန်းဒေသ (Tanintharyi Coastal)

စစ်တောင်းမြစ်ဝမှ ပါချန်မြစ်ဝ(ကော့သောင်း)အထိ ဧရိယာရှိပြီး တခြားကမ်းရိုးတန်းတွေလို မဟုတ်ဘဲ ကျွန်းစုပေါင်း (၈၀၀)ကျော်ရှိတဲ့ ငါးဖမ်းရေပြင်တစ်ခုပဲဖြစ်ပါတယ်။ အက်ဒမန်ပင်လယ်နဲ့ မြိတ်ကျွန်းစုတွေကတော့ လူသိများတဲ့နေရာတွေပါပဲ။ သန္တာကျောက်တန်း၊ ဒီရေတောတွေစုဝေးရာ ရေပြင်ဖြစ်တာကြောင့် ပုစွန်နဂါး၊ ကင်းမွန်၊ ကင်းကတိုး၊ ကဏန်း၊ ငါးနီတူနဲ့ သက်ရှိဇီဝမျိုးစုံအကြွယ်ဝဆုံး ပင်လယ်ငါးဖမ်းရေပြင် တစ်ခုဖြစ်ပါတယ်။

## ကုန်းတွင်းငါးဖမ်းရေပြင်

မြန်မာနိုင်ငံရဲ့ အဓိကအသက်သွေးကြောမြစ်ကြီးတွေဖြစ်တဲ့ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်၊ သံလွင်မြစ်တို့အပြင် အခြားမြစ်လက်တက်တွေဟာ ဒေသခံတွေအတွက် ဟင်းအိုးကြီးသဖွယ်ဖြစ်နေပါတယ်။

ငါးကြင်း၊ ငါးပတ်၊ ငါးတန်၊ ငါးရံ့၊ ငါးမြစ်ချင်း၊ ငါးခုံးမ၊ ငါးခူ၊ ငါးပြေမ၊ ငါးပုဏ္ဏား၊ ငါးပုတ်သင်၊ ငါးစင်ရိုင်း၊ ပုစွန်၊ ကကတစ်၊ ကတ်သပိုး၊ ငါးဖယ်၊ ငါးသလောက် စတဲ့ ရေချိုငါးမျိုးစိတ်တွေဟာ မြန်မာနိုင်ငံရဲ့ ကုန်းတွင်းမြစ်၊ ချောင်း၊ အင်းအိုင်တွေထဲမှာ ပေါများစွာ ရှင်သန်ပေါက်ဖွားနေထိုင်ကြပါတယ်။

သဘာဝ ရေချိုငါးမျိုးစိတ်ပေါင်းများစွာ ရှင်သန်နေထိုင်နေကြသလို ရမ်ဆာရေဝပ်ဒေသတွေဖြစ်တဲ့ မိုးယွင်းကြီးအင်း၊ အင်းတော်ကြီးနဲ့ အင်းလေးကန်တို့ဟာ ဒေသခံတွေအတွက် အလွန်အရေးပါတဲ့ ငါးဖမ်းရေပြင်ဇရိယာတွေ ဖြစ်ကြပါတယ်။

ဒါ့အပြင် ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနဲ့ ပဲခူးတိုင်းတို့မှာတော့ လေလံစနစ်နဲ့ ငါးဖမ်းလုပ်ကိုင်နေကြတဲ့ အင်းတွေ အများအပြားရှိပြီး ဒေသခံတွေရဲ့ အသက်မွေးဝမ်းကျောင်းမှုကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုနေပါတယ်။

ပင်လယ်ကမ်းရိုးတန်းနဲ့ ကုန်းတွင်းရေချိုငါးဖမ်းရေပြင်တွေ ပေါများစွာရှိတာကြောင့် မြန်မာနိုင်ငံအတွက် ငါးနဲ့ရေထွက်ကုန်ပစ္စည်းတွေဟာ အဓိကအခန်းကဏ္ဍကနေ မပါမဖြစ် အရေးပါလာသလို ငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူတွေအတွက်လည်း အလွန်အရေးပါတဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းကြီးတစ်ခု ဖြစ်လာပါတယ်။

